# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၆/ ၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၇) ရက်

| ၁၇ -၈ -၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၃.၁ |
| စင်္ကာပူဒေါ်လာ | ၁,၅၄၃.၂ |
| စတာလင်ပေါင် | ၂,၆၇၀.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၃၆.၁ |
| တရုတ်ယွမ် | ၂၈၇.၃၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၂၅ |
| အိန္ဒိယရူပီး | ၂၅.၂၅၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၆.၅၆ |
| မလေးရှား ရင်းဂစ် | ၄၅၁.၃၇ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၀၅၁ |
| ထိုင်းဘတ် | ၅၉.၂၃၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၇၉၅၈ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ မိုးခေါင်မှုကို စောင့်ကြည့်ရန် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့် War Room အဖွဲ့တစ်ခုဖွဲ့စည်း

➢ ပြောင်းလဲလာသောရာသီဥတုအရ တောင်ကိုရီးယားနိုင်ငံတွင် ပန်းသီးပင်များအစား သရက်သီးပင်များ ပြောင်းလဲစိုက်ပျိုး

➢ တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း (၁၅)ရာခိုင်နှုန်း မြင့်တက်လာခဲ့

➢ တရုတ်-လာအိုရထားလမ်းဖြင့် ကုန်သွယ်မှုအားကောင်းလာခြင်းကြောင့် ထိုင်း ဒူးရင်းသီးများ တရုတ်သို့ တင်ပို့မှု မြင့်တက်လာ

- **အထွေထွေသတင်းများ**

➢ အရှေ့တောင်အာရှဈေးကွက်သည် တရုတ်လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်သူများအတွက် အရေးပါသောနေရာတစ်ခုဖြစ်လာ

➢ တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှု တိုးတက်နေခြင်းကို ဆက်လက်ထိန်းသိမ်းထားဆဲ

➢ တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန် လမ်းညွှန်ချက်အသစ်များကို ထုတ်ပြန်ခဲ့

➢ တရုတ်နိုင်ငံသည် ကျေးလက်ဒေသ ကူးသန်းရောင်းဝယ်မှုကို မြင့်တင်မည့် လုပ်ငန်းစီမံချက်ကို ချမှတ်ခဲ့

- တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းနှေးကွေးလာ
- တောင်ကိုရီးယားနိုင်ငံတွင်း စက်သုံးဆီအပေါ် ကောက်ခံသည့်အခွန် (Fuel Taxes) လျှော့ချခြင်းကို အောက်တိုဘာလအထိ သက်တမ်းတိုးသွားမည်

## မိုးခေါင်မှုကို စောင့်ကြည့်ရန် ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သည့် War Room အဖွဲ့တစ်ခုဖွဲ့စည်း

ထိုင်းလယ်ယာထွက်ကုန်များ အထူးသဖြင့် ဆန်စပါးအပေါ် သက်ရောက်နိုင်သည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကို စောင့်ကြည့်ရန် War Room အဖွဲ့တစ်ဖွဲ့ကို ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်၍ ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ သက်ရောက်မှုများကို ကုစားရန် အစီအမံများကို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နိုင်ငံ ၄၂ နိုင်ငံတွင် တာဝန်ထမ်းဆောင်နေလျက်ရှိသည့် စီးပွားရေးသံမှူးများပါဝင်သည့် အစည်းအဝေးကျင်းပပြီးနောက် ယင်းအဖွဲ့ကိုဖွဲ့စည်းရန် သဘောတူညီခဲ့ကြပါကြောင်း၊ ယင်းအဖွဲ့သည် ကမ္ဘာလုံးနှင့် အဝှမ်း မိုးခေါင်မှုကိုဖြစ်ပေါ်စေသည့် အယ်လ်နီညိုအခြေအနေများကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာထုတ်လုပ်မှု၊ ဈေးကွက်အခြေအနေ၊ ဆန်ဈေးနှုန်းနှင့် အခြားသော လယ်ယာထွက်ကုန်များကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဝန်ကြီး Mr. Jurin Laksanawisit က ပြောကြားခဲ့ပါသည်။

စီးပွားရေးသံမှူး ၅၈ ဦးအနေဖြင့်လည်း ကမ္ဘာနှင့်အဝှမ်း မိုးခေါင်မှုအခြေအနေ၊ စိုက်ပျိုးရေးထုတ်ကုန်များထုတ်လုပ်မှု၊ ဈေးနှုန်းများနှင့် စိုက်ပျိုးရေးထုတ်ကုန်များ၏ ဈေးကွက်များကို စောင့်ကြည့်ရန်ဖြစ်ကြောင်း၊ အထူးသဖြင့် ဆန်ဈေးနှုန်းအပေါ်တွင်ဖြစ်ကြောင်း၊ နိုင်ငံတကာ၏ အခြေအနေများကို သိရှိနိုင်ရန်အတွက် ၁-၂ ပတ်တိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အစီရင်ခံစာတင်ပြရမည်ဖြစ်ကြောင်း၊ အယ်လ်နီညိုနှင့် အိန္ဒိယ၏ ဆန်တင်ပို့မှုပိတ်ပင်ခဲ့သည့် ဇူလိုင် ၂၀ နောက်ပိုင်းတွင် ကမ္ဘာ့နှင့်အဝှမ်း ဆန်ထုတ်လုပ်မှု၊ ဆန်ဈေးကွက်နှင့် ဈေးနှုန်းများတွင် သက်ရောက်မှုများ ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ထိုင်းနိုင်ငံတွင် နှစ် ၃၀ အတွင်း မိုးရွာသွန်းမှု ၅ ရာခိုင်နှုန်းလျော့နည်းနိုင်ကြောင်း၊ ရေလှောင်ကန်များတွင်လည်း ရေပမာဏ တစ်ဝက်ခန့်သာရှိသဖြင့် ဆည်ရေသောက်ဧရိယာရှိ သီးနှံများကို ထိခိုက်နိုင်ကြောင်း တော်ဝင်ဆည်မြောင်းဦးစီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ပြောကြားခဲ့ပါသည်။

အိန္ဒိယ၏ ဆန်ဖြူ (White rice) တင်ပို့မှု ပိတ်ပင်လိုက်ခြင်းကြောင့် ယခင်အိန္ဒိယမှ တင်သွင်းမှုအပေါ် မှီခိုနေရသော အာဖရိကဈေးကွက်သည် ဆန်တင်ပို့ရန် အခွင့်အလမ်းဖြစ်လာနိုင်ကြောင်း၊ တောင်သူများသည် ဆန်ဖြူဈေးနှုန်းများကို တိုးမြှင့်ရောင်းချရန် မျှော်လင့်ရကြောင်း၊ ပိတ်ပင်မှုစတင်

ပြီးနောက် ၇ ရာခိုင်နှုန်းခန့် စျေးတက်လာကြောင်း၊ မွေးမြူရေးအစာများလည်း စျေးတက်လာကြောင်း အခြေအနေကို ရှင်းလင်းပြောကြားပါသည်။

စျေးနှုန်းမျှတမှုရှိစေရေး စောင့်ကြည့်ရန် ညွှန်ကြားထားပါကြောင်း၊ တောင်သူများအတွက် စျေးနှုန်းမြင့်မားလာမှုကြောင့် အကျိုးကျေးဇူးရနိုင်သော်လည်း စားသုံးသူများကို ကာကွယ်ရန် စျေးနှုန်းအလွန်အကျွံ မတက်စေရန်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များလည်း ရပ်တည်နိုင်ရန်နှင့် Win-Win ဖြစ်စေရန်ဖြစ်ကြောင်း၊ အဖွဲ့အနေဖြင့် သင့်လျော်သော တုန့်ပြန်မှုများ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဆောင်ရွက်သွားမည့် အစီအစဉ်ကို ပြောကြားပါသည်။

ဆန်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ၂၀၂၂ ခုနှစ်တွင် တန်ချိန် ၃၄.၃ သန်း ထွက်ရှိသော်လည်း မိုးခေါင်မှုကြောင့် ယခုနှစ်တွင် တန်ချိန် ၃၂.၃ သန်းသာ ထွက်ရှိပါကြောင်း၊ မိုးခေါင်မှုပြင်းထန်လာခြင်း ရှိမရှိနှင့် စိုက်ပျိုးမှုအတွက် ရေလုံလောက်မှုရှိမရှိ အကဲဖြတ်မှုဆောင်ရွက်ရန် လိုအပ်ကြောင်း အကြံပြုထားပါသည်။

၂၀၂၃ ခုနှစ်သည် တောင်သူများအတွက် ရွှေရောင်ဖုံးလွှမ်းသော နှစ်ဖြစ်ကြောင်း၊ လက်ရှိ ပေါက်စျေးမှာ ၁ တန်လျှင် ဘတ် ၁၂,၀၀၀ ဖြစ်ကြောင်း၊ အိန္ဒိယပိတ်ပင်မှုနောက်တွင် ဆန်ဖြူစျေးနှုန်းသည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ မြင့်တက်သွားပါကြောင်း၊ အိန္ဒိယက ၎င်း၏ပိတ်ပင်မှုအပေါ် မည်သို့ရှေ့ဆက်မည်ကို ရှင်းလင်းစွာမသိရသေးသဖြင့် အခြေအနေမှာ မတည်ငြိမ်သေးပါကြောင်း ဆန် ပို့ကုန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. Charoen Laothamatas က ဖြည့်စွက်ပြောကြားပါသည်။

Source: [www.bangkokpost. gov](www.bangkokpost.gov)
ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး
ဗန်ကောက်မြို့။

## ပြောင်းလဲလာသောရာသီဥတုအရ တောင်ကိုရီးယားနိုင်ငံတွင် ပန်းသီးပင်များအစား သရက်သီးပင်များ ပြောင်းလဲစိုက်ပျိုး

တောင်ကိုရီးယားနိုင်ငံ၏ ရာသီဥတုပူနွေးလာခြင်းကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ပြီး လူကြိုက်များသည့် ပန်းသီး၊ စပျစ်သီးနှင့် ပန်းသစ်တော်သီးများ စိုက်ပျိုးနိုင်သောဧရိယာများ လျော့နည်းလာပြီး ယင်းအပင်များအစား သရက်ပင်နှင့် ပင်မှည့်သီးပင်များကို ပြောင်းလဲစိုက်ပျိုးရန် မျက်စိကျလျက်ရှိပါကြောင်း ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ဆေးဖက်ဝင်အပင်များသိပ္ပံဆိုင်ရာ အမျိုးသားအဖွဲ့အစည်း (National Institute of Horticultural and Herbal Science) အောက်ရှိ ရာသီဥတုပြောင်း

Agribusiness & Trade

လဲမှုနှင့် စိုက်ပျိုးရေးသုတေသနဌာနမှ အကြီးတန်းသုတေသီ Han Hyun-hee က ပြောကြားပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအရှိဆုံးသော သစ်သီးမှာ ပန်းသီးဖြစ်ကြောင်း၊ ၂၀၇၀ ပြည့်နှစ်တွင် နိုင်ငံ၏မြောက်ပိုင်းအကျဆုံး ဂန်ဝမ်ပြည်နယ်မှလွဲ၍ ပန်းသီးစိုက်ပျိုးသည့် ဧရိယာအများစု လျော့ကျသွားဖွယ်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြားတွင် ပျမ်းမျှအပူချိန်သည် ၀.၆ ဒီကရီ မြင့်မားလာခဲ့ကြောင်း၊ လက်ရှိတွင် နိုင်ငံ၏အပူပိုင်းဧရိယာသည် စုစုပေါင်းမြေဧရိယာ၏ ၆ ရာခိုင်နှုန်းတွင်ရှိနေရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၅၅.၉ ရာခိုင်နှုန်းအထိ မြင့်မားလာနိုင်ကြောင်း National Institute of Horticultural and Herbal Science မှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

နိုင်ငံတွင်းအပူပိုင်းဧရိယာ မြင့်မားလာသည်နှင့်အမျှ ရာသီသီးနှံများဖြစ်သည့် ပန်းသီး၊ စပျစ်သီးနှင့် ပန်းသစ်တော်သီးများ စိုက်ပျိုးနိုင်သော ဧရိယာအများစု လျော့နည်းသွားမည်ဖြစ်ပြီး ၂၀၉၀ ပြည့်နှစ်တွင် မက်မွန်သီးနှင့် ပန်းသစ်တော်သီးများကို ဂန်ဝမ်ပြည်နယ်မှလွဲ၍ စိုက်ပျိုး၍ရမည်မဟုတ်တော့ကြောင်း၊ အရည်အသွေးကောင်းသောစပျစ်သီးများ စိုက်ပျိုးဧရိယာသည်လည်း ၂၀၇၀ ပြည့်နှစ်မှစ၍ လျော့ကျသွားမည်ဖြစ်သည့်အတွက် စိုက်ပျိုးသူများက အပူဒဏ်ခံနိုင်သည့် သစ်သီးများ ပြောင်းလဲစိုက်ပျိုးလာကြပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ ဂျယ်ဂျူးကျွန်းတွင် ပင်မှည့်သီးများ၊ နဂါးမောက်သီးများနှင့် ငှက်ပျောသီးများ ပြောင်းလဲစိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ သဘော်သီးနှင့် အပူပိုင်းချယ်ရီသီးများကိုလည်း Jeolla နှင့် Gyeongsang ပြည်နယ်များတွင် စိုက်ပျိုးနေကြကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် အပူချိန်ကိုထိန်းညှိပေးသည့် အဆောက်အဦများ (Green-houses) ကို အသုံးပြုနေရသော်လည်း ယင်းတို့ကို အသုံးပြုရသည့် ကုန်ကျစရိတ် လျော့နည်းလာသည့်အတွက် အဆင်ပြေကြောင်း National Institute of Horticultural and Herbal Science မှ အကြီးတန်းသုတေသီ Han Hyun-hee က ပြောကြားပါသည်။

၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ အပူပိုင်းဒေသသစ်သီးများ စိုက်ပျိုးနေသူအရေအတွက်သည် ၅၅၆ ဦးအထိ ရောက်ရှိလာရာ ၂၀၁၇ ခုနှစ်အတွင်းစိုက်ပျိုးနေသူ အရေအတွက်ထက် ၅၀ ရာခိုင်နှုန်းမြင့်မားလာသည့်အပြင် အပူပိုင်းဒေသသစ်သီးများ စိုက်ပျိုးဧရိယာမှာလည်း ၁၈၆.၈ ဟက်တာအထိ ရောက်ရှိလာရာ ၂၀၁၇ ခုနှစ်အတွင်း စိုက်ပျိုးသည့်ဧရိယာထက် ၇၀ ရာခိုင်နှုန်း မြင့်မားလာကြောင်း၊ ၂၀၂၁ ခုနှစ်အထိ စာရင်းအရ အဓိကစိုက်ပျိုးနေသောအသီးများမှာ သရက်သီး၊ ပင်မှည့်သီးနှင့် ငှက်ပျောသီးတို့ဖြစ်ကြောင်း၊ အပူချိန်ပိုမိုမြင့်မားလာပါက Greenhouses များ တည်ဆောက်ရန်ပင် လိုအပ်မည်မဟုတ်တော့ကြောင်းကို National Institute of Horticultural and Herbal Science မှ ထုတ်ပြန်သော အစီရင်ခံတွင် ဖော်ပြထားပါသည်။

Source: https://news.koreaherald.com/view.php?ud=20230817000655

ပပ၊ စီးပွားရေးသံမှူး

ဆိုးလ်မြို့

Agribusiness & Trade

## တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း (၁၅)ရာခိုင်နှုန်း မြင့်တက်လာခဲ့

တရုတ်နိုင်ငံသည် ယခုနှစ် ပထမ(၇)လအတွင်း ပဲပုပ်တန်ချိန် (၆၂.၃)သန်း တင်သွင်းခဲ့ပြီး ယခင်နှစ်ထက်(၁၅)ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ သိရှိရပါသည်။

ဇူလိုင်တစ်လတည်း၌ပင် တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုသည် တန်ချိန်(၉.၇၃)သန်းရှိခဲ့ရာ ဇွန်လက တင်သွင်းခဲ့သည့် တန်ချိန် (၁၀.၂၇)သန်းထက် အနည်းငယ်ကျဆင်းသွားခဲ့သော်လည်း ယခင်နှစ်အလားတူကာလက တင်သွင်းခဲ့သည့် တန်ချိန် (၇.၈၈)သန်းထက် ပိုများခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရှိရပါသည်။

တင်သွင်းသည့် ပဲပုတ်တစ်တန်၏ ဈေးနှုန်းသည် ယခင်နှစ်ထက် (၁.၃)ရာခိုင်နှုန်း တိုးလာပြီး (၄,၃၃၄.၆)ယွမ် (အမေရိကန်ဒေါ်လာ ၆၀၅.၃၉ ခန့်)ရှိခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာပေါ်တွင် ပဲပုတ်တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ယခင်နှစ်က ပဲပုတ်တန်ချိန် စုစုပေါင်း (၉၁.၀၈)သန်း တင်သွင်းခဲ့ကြောင်း၊ တင်သွင်းလာသည့် ပဲပုတ်များကို ကြိတ်ခွဲ၍ တိရစ္ဆာန်အစာအတွက် အသုံးပြုခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202308/13/WS64d87121a31035260b81bd07.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

……………………………………………………………………

## တရုတ်-လာအိုရထားလမ်းဖြင့် ကုန်သွယ်မှုအားကောင်းလာခြင်းကြောင့် ထိုင်းဒူးရင်းသီးများ တရုတ်သို့ တင်ပို့မှု မြင့်တက်လာ

ယခုနှစ်ပထမ(၅)လတွင် တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ဒူးရင်းသီး တင်ပို့မှုသည် (၃၆၅)ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ထိုသို့တင်ပို့နိုင်ခြင်းမှာ သယ်ယူပို့ဆောင်ချိန်တိုတောင်းသွားခြင်းနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ၏ အားသာချက်များကြောင့် ဖြစ်သည်ဟု ထိုင်းမီဒီယာများက ၁၅-၈-၂၀၂၃ ရက်နေ့တွင် ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါရထားလမ်းသည် ထိုင်းကုန်ပစ္စည်းများ တရုတ်ဈေးကွက်သို့ ဝင်ရောက်ရန် အခွင့်အလမ်းများ ယူဆောင်ပေးသဖြင့် ကုန်းလမ်းဖြင့် အချိန် (၂)ရက်ကြာမြင့်ရာမှ (၁၅)နာရီအောက် သာကြာမြင့်ကြောင်း ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်း

ရေးဌာန (Department of Trade Negotiations) မှ ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum ၏ ပြောကြားချက်ကို ကိုးကား၍ Thairath Online မှ ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်-လာအိုရထားလမ်း စတင်ဖွင့်လှစ်ချိန်မှစ၍ ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ သစ်သီးဝလံ တင်ပို့မှုသည် သိသိသာသာ မြင့်တက်လာခဲ့သည်ဟု Auramon မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ လာအိုနိုင်ငံနှင့် ထိစပ်နေသော ထိုင်းနိုင်ငံအရှေ့မြောက်ဘက်ရှိ ကုန်းတွင်းဆိပ်ကမ်းဖြစ်သည့် Nong Khai မှတစ်ဆင့် တင်ပို့မှုမှာ ထိုင်းဘတ်ငွေ (၁.၉၆) ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၅ သန်း)ရှိကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ်တွင် ထိုင်းဘတ် (၉၀.၄၁)သန်း (အမေရိကန်ဒေါ်လာ ၂.၅၅ သန်း)ရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းသစ်သီးဝလံများနှင့် အခြားတင်ပို့ရောင်းချမှုများသည် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ အထူးအခွင့်အရေးများကို ရရှိခံစားနိုင်ကြောင်း သူမက ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံသို့ တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးမှာ ဇန်နဝါရီလမှ မေလအတွင်း ဘတ် (၂.၈၄)ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၀.၂၂ သန်း)ဖြစ်ပြီး ယင်းတို့အနက် (၇၂) ရာခိုင်နှုန်းမှာ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးများ တင်ပို့မှုဖြစ်ကြောင်း DTN မှ သိရှိရပါသည်။

Source: [www.english.news.cn/20230816/f02a7679d5aa4a56979b720370ac9d25/ c.html](www.english.news.cn/20230816/f02a7679d5aa4a56979b720370ac9d25/ c.html)
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

## အရှေ့တောင်အာရှဈေးကွက်သည် တရုတ်လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်သူများအတွက် အရေးပါသောနေရာတစ်ခုဖြစ်လာ

တရုတ်လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်သူများနှင့် ဘက်ထရီထုတ်လုပ်သူများသည် ပိုမိုကောင်းမွန်သော ဈေးကွက်ကိုရှာဖွေရန်အတွက် ပြည်ပ၌ထုတ်လုပ်မှုကို အာရုံစိုက်လျက်ရှိရာ အရှေ့တောင်အာရှဈေးကွက်သည် ထိပ်ဆုံးမှရပ်တည်နေကြောင်း chinadaily.com ၌ ဖော်ပြထားပါသည်။

တရုတ်လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်သည့် Hozon က ၂၀၂၄ ခုနှစ်မှစတင်၍ အင်ဒိုနီးရှားနိုင်ငံတွင် ၎င်း၏ Neta-branded ကားများကို ထုတ်လုပ်ရန် စီစဉ်နေကြောင်း ပြောကြားခဲ့ပြီး ကုမ္ပဏီသည် ဇူလိုင်လနှောင်းပိုင်းတွင် PT Handal Indonesia Motor နှင့်

ပူးပေါင်းခဲ့ကြောင်း၊ ၎င်းတို့သည် ၂၀၂၄ ခုနှစ်၊ ဒုတိယသုံးလပတ်မှစတင်ကာ လျှပ်စစ်ကားများ တပ်ဆင်ထုတ်လုပ်မှုကို စတင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ် (၁၀)ရက်နေ့မှ (၂၀)ရက်နေ့အထိ ကျင်းပသည့် Gaikindo Indonesia International Auto Show တွင် Hozon သည် ၎င်း၏ Neta-branded မော်ဒယ် (၃)ခုကို ပြသထားပြီး လူဦးရေသန်း(၂၀၀)ကျော်ရှိသော အင်ဒိုနီးရှားဈေးကွက်သို့ တရုတ်နိုင်ငံထုတ်စမတ်ကားများကို မိတ်ဆက်လိုသည်ဟု Hozon က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Hozon ကုမ္ပဏီသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားဈေးကွက်များကို စတင်လေ့လာခဲ့ပြီး ယခုအခါ မလေးရှားနှင့် ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအများအပြားတွင် ၎င်း၏ မော်တော်ယာဉ်များကို ရောင်းချနေပြီဖြစ်ကြောင်း၊ Hozon သည် ထိုင်းနိုင်ငံတွင် နှစ်စဉ် ကားအစင်းရေ (၂၀,၀၀၀)ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် အစောပိုင်းတွင် လုပ်ငန်းစတင်လည်ပတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကုမ္ပဏီ၏ Neta အမှတ်တံဆိပ် လျှပ်စစ်ကားများသည် ထိုင်းနိုင်ငံတွင် လူကြိုက်များကြောင်း၊ စာရင်းအင်းအချက်အလက်များအရ Neta သည် ဇွန်လတွင် ထိုင်းနိုင်ငံ၌ ရောင်းအားအကောင်းဆုံး လျှပ်စစ်ကားအမှတ်တံဆိပ်ဖြစ်ပြီး ဈေးကွက်ဝေစု (၂၈.၉)ရာခိုင်နှုန်းကို သိမ်းပိုက်ထားကြောင်း သိရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံ၏ ကားထုတ်လုပ်သည့်လုပ်ငန်းကြီးဖြစ်သည့် SAIC သည် ထိုင်းနိုင်ငံတွင် ၎င်းကုမ္ပဏီ၏ လျှပ်စစ်စွမ်းအင်သုံးကားသစ်များအတွက် အဓိကမော်တော်ကား အစိတ်အပိုင်းများ ထုတ်လုပ်မည့် new energy industrial park တစ်ခုကို ၂၀၂၃ ခုနှစ်၊ မေလတွင် စတင်တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံး လျှပ်စစ်ကားထုတ်လုပ်သူ BYD သည်လည်း ထိုင်းနိုင်ငံတွင် မော်တော်ယာဉ်များကို ၂၀၂၄ ခုနှစ်မှ စတင်ထုတ်လုပ်မည်ဖြစ်ပြီး ပြည်တွင်းရောင်းချရုံသာမက အရှေ့တောင်အာရှ ဈေးကွက်များသို့ပါ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းလည်း ဖော်ပြထားပါသည်။ နှစ်စဉ် ကားအစင်းရေ (၁၅၀,၀၀၀) ထုတ်လုပ်နိုင်သော ၎င်းတို့ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အဆိုပါစက်ရုံသည် ကုမ္ပဏီ၏ ပထမဆုံးခရီးသည်တင်ယာဉ် ထုတ်လုပ်ရေးစက်ရုံ ဖြစ်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအခြေစိုက် လီသီယမ်ဘက်ထရီထုတ်လုပ်သူ EVE Energy သည် မလေးရှားနိုင်ငံတွင် ကနဦးရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၄၂၂)သန်းတန်ဖိုးရှိ ၎င်း၏စက်ရုံကို အုတ်မြစ်ချခဲ့ကြောင်း၊ အဆိုပါစက်ရုံသစ်သည် ပြည်တွင်းနှင့် အရှေ့တောင်အာရှတစ်ဝန်းတွင် ထုတ်လုပ်သည့်

လျှပ်စစ်သုံးနှစ်ဘီးတပ်ယာဉ်များအတွက် ဆလင်ဒါလစ်သီယမ်-အိုင်းယွန်း ဘက်ထရီများ အဓိက ထုတ်လုပ်မည်ဟု ကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုရင်းနှီးမြှုပ်နှံမှုသည် EVE Energy ကုမ္ပဏီကို အကျိုးပြုရုံသာမက မလေးရှားနိုင်ငံ၌ လျှပ်စစ်မော်တော်ယာဉ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ကုမ္ပဏီများစွာ လာရောက်ရင်းနှီး မြှုပ်နှံရန် လမ်းခင်းပေးသည့် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်သည်ဟု မလေးရှားရင်းနှီးမြှုပ်နှံ မှုဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ လက်ထောက်အမှုဆောင်အရာရှိချုပ် Lim Bee Vian က ပြော ကြားခဲ့ကြောင်း သိရှိရပါသည်။

EVE Energy ကဲ့သို့သောလုပ်ငန်းများနှင့် ပူးပေါင်းခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် နည်းပညာ ဆိုင်ရာတိုးတက်မှုရှိသော ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လုံးဝမရှိစေရန် ကတိပြုထားသောကြောင့် ယခုစီမံကိန်းသည် မလေးရှားနိုင်ငံ၏ အမျိုးသားမော်တော်ယာဉ်မူဝါဒ ၂၀၂၀ နှင့် ကိုက်ညီသည်ဟု Lim က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: [www.chinadaily.com.cn/a/202308/14/WS64d96449a31035260b81bded.html](www.chinadaily.com.cn/a/202308/14/WS64d96449a31035260b81bded.html)
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

........................................................................................

## တရုတ်နိုင်ငံသည် နိုင်ငံခြားကုန်သွယ်မှု တိုးတက်နေခြင်းကို ဆက်လက်ထိန်းသိမ်းထားဆဲ

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆက်ဆံမှုကို တိုးချဲ့လျက် ရှိသောကြောင့် နိုင်ငံခြားကုန်သွယ်မှုသည် စိန်ခေါ်မှုများ ရှိနေသော်လည်း တည်ငြိမ်သောတိုးတက်မှု ကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည် ဟု သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမ(၇)လတွင် တရုတ်နိုင်ငံ၏ သွင်းကုန်နှင့် ပို့ကုန်သည် စုစုပေါင်း ယွမ် (၂၃.၅၅)ထရီလီယံ (အမေရိကန်ဒေါ်လာ ၃.၂၉ ထရီလီယံခန့်)ရှိခဲ့ပြီး ယခင်နှစ်ထက် (၀.၄) ရာခိုင် နှုန်းတိုးလာခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administr–ation of Customs of China–GACC)၏ အချက်အလက်များအရ သိရှိရပါသည်။

ဒုတိယသုံးလပတ်မှစ၍ တရုတ်နိုင်ငံ၏ လစဉ်ကုန်သွယ်မှုပမာဏသည် ယွမ် (၃.၄)ထရီလီ ယံအထက်တွင် ရှိနေခဲ့ကြောင်း၊ ဇူလိုင်လတစ်လတည်းတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းသည် ယွမ် (၃.၄၆)ထရီလီယံရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည်

Agribusiness & Trade

မျှော်မှန်းထားသည့်အတိုင်း တည်ငြိမ်သည့်အခြေအနေကို ဆက်လက်ထိန်းသိမ်းထားနိုင်သည်ဟု GACC ၏ ပြောရေးဆိုခွင့်ရှိသူ Lyu Daliang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နည်းပညာသုံး အဓိကထုတ်ကုန် (၃)မျိုးဖြစ်သည့် ဆိုလာဘက်ထရီများ၊ လစ်သီယမ်အိုင်းယွန်းဘက်ထရီများနှင့် လျှပ်စစ်ကားများ၏ စုစုပေါင်းတင်ပို့မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ယခင်နှစ်ထက် (၆၁.၆)ရာခိုင်နှုန်း မြင့်တက်လာသည်ဟု အကောက်ခွန်အချက်အလက်များက ဖော်ပြထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများနှင့် စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးကို မြင့်တင်လျက်ရှိပြီး တရုတ်ကုမ္ပဏီများသည် နိုင်ငံခြားဈေးကွက်ရှာဖွေရာတွင် အခွင့်အလမ်းများ ပိုမိုရရှိလာသည်ဟု China Academy of International Trade and Economic Cooperation မှ လေ့လာသူ Xu Yingming က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အာဆီယံသည် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ယခင်နှစ်ထက် (၂.၈)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်၊ ပထမ(၇)လအတွင်း တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမတစ်လျှောက်ရှိ နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် ယွမ်(၈.၀၆)ထရီလီယံရှိပြီး ယခင်နှစ်ထက် (၇.၄)ရာခိုင်နှုန်း မြင့်တက်လာကာ နိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး၏ (၃၄.၂)ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

ယခုနှစ်၏ ဒုတိယနှစ်ဝက်ကို ကြည့်ပါက ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ကမ္ဘာ့ဝယ်လိုအား ကျဆင်းနေပြီး အခြေအနေမှာ အလွန်ဆိုးရွားနေသော်လည်း တရုတ်နိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် အမှာစာများ လက်ခံရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် တရုတ်အစိုးရအနေဖြင့် ကုန်စည်ပြပွဲများ လက်ခံကျင်းပခြင်း၊ နိုင်ငံတကာလေကြောင်းခရီးစဉ် အရေအတွက် တိုးမြှင့်ခြင်းနှင့် နိုင်ငံခြားစီးပွားရေးသမားများအတွက် ဗီဇာများလွယ်ကူချောမွေ့စေခြင်း အပါအဝင် အချို့အချက်များကို ထပ်မံလုပ်ဆောင်မည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ Li Xingqian က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် နိုင်ငံခြားကုမ္ပဏီများ၏ ယုံကြည်မှုကို မြှင့်တင်ထားနိုင်ပြီး တရုတ်နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီမှ စစ်တမ်းကောက်ယူခဲ့သော နိုင်ငံခြားကုန်သွယ်မှု ကုမ္ပဏီ (၃,၁၀၀)ကျော်၏ (၇၅)ရာခိုင်နှုန်းသည် ၎င်းတို့၏ တတိယသုံးလပတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ယုံကြည်မှုရှိကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source: https://english.news.cn/20230812/653c28c9f4694c6f99ab12b1ae791dfc/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်းနှင်းမြို့

Agribusiness & Trade

## တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန် လမ်းညွှန်ချက်အသစ်များကို ထုတ်ပြန်ခဲ့

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအရင်းအနှီးများကို ပိုမိုဆွဲဆောင်ရန်နှင့် နိုင်ငံတကာလုပ်ငန်းကြီးများအတွက် စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေရန် လမ်းညွှန်ချက်အသစ် (၂၄)ခုကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတော်ကောင်စီမှ ၁၃-၈-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် မူဝါဒစာတမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် လမ်းညွှန်ချက်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရန် တွန်းအားပေးခြင်း၊ နိုင်ငံခြားနှင့် ပြည်တွင်းကုမ္ပဏီများကို တန်းတူဆက်ဆံခြင်းနှင့် နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက်စီးဆင်းမှုအတွက် လွယ်ကူအဆင်ပြေပြီး လုံခြုံမှုရှိသော စီမံခန့်ခွဲမှုယန္တရားများကို ဖော်ဆောင်ခြင်းစသည့်အကြောင်းအရာများ ပါဝင်ကြောင်း သိရှိရပါသည်။

ထို့အပြင် နိုင်ငံခြားကုမ္ပဏီများ၏ ရပိုင်ခွင့်နှင့် အကျိုးစီးပွားများကို တိုးမြှင့်ကာကွယ်ခြင်းနှင့် ၎င်းတို့အား ခိုင်မာသောဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုနှင့် အခွန်မက်လုံးများပေးခြင်းတို့ ပါဝင်ကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဈေးကွက်ကို ဦးတည်သော၊ ဥပဒေအခြေခံသည့် ထိပ်တန်းနိုင်ငံတကာ စီးပွားရေးပတ်ဝန်းကျင်ကို ဖန်တီးရန်၊ ၎င်း၏ အလွန်ကြီးမားသောဈေးကွက်ရှိခြင်း အားသာချက်ကို အပြည့်အဝအသုံးချရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုထိရောက်စွာ ဆွဲဆောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစာတမ်းတွင် ဖော်ပြထားသည်ဟု သိရှိရပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို တရုတ်နိုင်ငံတွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာများ တည်ထောင်ရန်နှင့် သိပ္ပံဆိုင်ရာ သုတေသနစီမံကိန်းများကို အဓိကလုပ်ဆောင်ရန် တိုက်တွန်းထားကြောင်း အဆိုပါစာတမ်း၌ ဖော်ပြထားပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် ဇီဝဆေးပညာနယ်ပယ်ရှိစီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် အစိုးရဝယ်ယူရေးလုပ်ငန်းများတွင် ဥပဒေနှင့် အညီ အပြည့်အဝပါဝင်နိုင်စေရေး နိုင်ငံတော်ကောင်စီမှ ကတိကဝတ်ပြုကြောင်း အလေးပေးပြောကြားခဲ့ပြီး "တရုတ်ပြည်တွင်ထုတ်လုပ်သည်" ဆိုသည့်ပစ္စည်းများအတွက် သီးခြားစံနှုန်းများကို ပိုမိုရှင်းလင်းလွယ်ကူစေရန်နှင့် အစိုးရဝယ်ယူရေးဥပဒေအား ပြန်လည်ပြင်ဆင်မှုကို အရှိန်မြှင့်တင်ရန်

အတွက် အစိုးရသည် သက်ဆိုင်ရာမူဝါဒများနှင့် အစီအမံများကို တတ်နိုင်သမျှ အမြန်ဆုံး မိတ်ဆက်ပေးမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှု နှေးကွေးပြီး နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေသည့်အခြေအနေတွင် အဆိုပါမူဝါဒများအားလုံးသည် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၏ မျှော်မှန်းချက်များကို ပြည့်မီစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် တရုတ်ဈေးကွက်တွင် ဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုလွယ်ကူစေမည်ဟု ပေကျင်းမြို့ရှိ တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ၏ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံမှ တွဲဖက်သုတေသီ Pan Yuanyuan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် "ကမ္ဘာ့စက်ရုံ" အဖြစ်မှ ပြည်တွင်းစားသုံးမှုတိုးလာခြင်းနှင့်အတူ တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်သူအဖြစ်သို့ ကူးပြောင်းနေပြီဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံသည် စီးပွားရေးတိုးတက်မှုနှင့် ကြီးမားသည့် စားသုံးသူဈေးကွက်တို့ရှိခြင်းတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ထားနိုင်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံတွင် စက်မှုထုတ်ကုန်ပေါင်း (၂၂၀)ကျော်ရှိပြီး ထုတ်လုပ်မှုပိုင်း၌ ကမ္ဘာပေါ်တွင် ပထမအဆင့်ဖြင့် ရပ်တည်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံတွင် ယုံကြည်စိတ်ချရပြီး ကုန်ကျစရိတ်သက်သာသည့် ကုန်ပစ္စည်းထုတ်လုပ်သူများကို ရှာဖွေရန်မှာ ကမ္ဘာ့အခြားဒေသများထက် ပိုမိုလွယ်ကူကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံသည် အသစ်တည်ထောင်ထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း (၂၄,၀၀၀)ရှိပြီး ယခင်နှစ်ထက် (၃၅.၇)ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202308/14/WS64d95ab6a31035260b81bdb0.html
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

## တရုတ်နိုင်ငံသည် ကျေးလက်ဒေသ ကူးသန်းရောင်းဝယ်မှုကို မြှင့်တင်မည့် လုပ်ငန်းစီမံချက်ကို ချမှတ်ခဲ့

တရုတ်အစိုးရသည် မြို့ပြနှင့်ကျေးလက်ဒေသများ ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ၏ ကျေးလက်ဒေသများ ပြန်လည်အားအင်ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံ၏ မြို့နယ်အဆင့် ကူး

သန်းရောင်းဝယ်ရေးစနစ်များ အားကောင်းလာစေရန် (၃)နှစ်စီမံကိန်းကို ၁၄-၈-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်အစိုးရက ထုတ်ပြန်ခဲ့သော (၃)နှစ်ကြာမြင့်မည့် လုပ်ငန်းစီမံချက်သည် ပြည်တွင်း ကုန်သန်းရောင်းဝယ်ရေးလုပ်ငန်းများကို မြှင့်တင်ရန် ကြိုးပမ်းခြင်းဖြင့် နိုင်ငံ၏ ကျယ်ပြောလှသော ကျေးလက်ဒေသများတွင် စီးပွားရေးအားအင်သစ်ကို ဖြစ်စေမည်ဟု သိရှိရပါသည်။

ကျေးလက်တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာစေရေးနှင့် ၎င်းတို့၏ စားသုံးမှု များကို အဆင့်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ ကုန်သန်းရောင်းဝယ်မှုစနစ်အား ခိုင်မာအား ကောင်းလာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၁၅-၈-၂၀၂၃ ရက်နေ့က ပြုလုပ်ခဲ့သည့် အစိုးရ သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက စီမံချက်ပါ အစီအမံများနှင့် ရည် မှန်းချက်များကို ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဒေသတွင်း ကုန်သန်းရောင်းဝယ်ရေးကွန်ရက်များနှင့် ထောက်ပံ့ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးမှု စနစ်များ တိုးတက်လာစေရန် ဗဟိုအစိုးရသည် မြို့နယ်များကို ရန်ပုံငွေများ ဆက်လက်ပံ့ပိုးပေးမည် ဖြစ်ပြီး စီးပွားရေးစင်တာများ၊ ဈေးဆိုင်များ၊ မြို့နယ်ဈေးများနှင့် ကျေးရွာကုန်စုံဆိုင်များကို အဆင့် မြှင့်တင်သွားမည်ဟု ကုန်သန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ Li Gang က ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

ဗဟိုအစိုးရ၏ ရန်ပုံငွေသည် ကျေးလက်စီးပွားရေးအဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှုနှင့် စတိုးဆိုင်ခွဲလုပ်ငန်းများကိုလည်း ပံ့ပိုးပေးမည်ဖြစ်ပြီး အရည်အချင်းပြည့်မီသော ကျေးလက်ဒေသများကို ခေတ်မီထောက်ပံ့ပို့ဆောင်မှု၊ လက်လီရောင်းချမှုနှင့် အခြားစီးပွားရေးပုံစံ သစ်များကို ဖော်ထုတ်ရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အရည်အသွေးမြင့် လယ်ယာထွက်ကုန်များ ထောက်ပံ့ပို့ဆောင်မှု၊ စီးပွားဖြစ်ကုန်သန်းရောင်း ဝယ်မှုနှင့် လယ်ယာထွက်ကုန် အမှတ်တံဆိပ်များ ထူထောင်ခြင်းကိုလည်း အရှိန်အဟုန်မြှင့်တင်ရန် အဆိုပါလုပ်ငန်းစီမံချက်တွင် ဖော်ပြထားသည်ဟု လီက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူ Song Danyang က ၎င်းတို့ ဝန်ကြီးဌာနသည် လယ်ယာထွက်ကုန်အမှတ်တံဆိပ်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ဒေသန္တရ အစိုးရများ၏ ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထုတ်လုပ်မှုမှသည် လုပ်ငန်းလည်ပတ်မှုနှင့် စားသုံးမှုအထိ ပံ့ပိုးပေးမည်ဖြစ်ရာ မျိုးကောင်း မျိုးသန့်များ ပံ့ပိုးပေးခြင်း၊ အရည်အသွေးမြှင့်တင်ခြင်း၊ အမှတ်တံဆိပ်တည်ဆောက်ခြင်း၊ စံချိန်စံ ညွှန်းနှင့်အညီထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရေးစင်တာများ၊ ထုတ်လုပ်မှု၊ သိုလှောင်မှု၊ ထုပ်ပိုးမှုနှင့် အအေး

Agribusiness & Trade

ခန်းဖြင့် သယ်ယူပို့ဆောင်ခြင်းများကဲ့သို့သော အခြေခံအဆောက်အဦများကိုလည်း အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနသည် ကျေးလက်ဒေသများမှ လယ်ယာထွက်ကုန်များကို မြို့ကြီးများသို့ ရောင်းချရာ၌ လွယ်ကူစေရန် ခရိုင်ပေါင်း (၁၁၀) တွင် စမ်းသပ်စီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရ၏အချက်အလက်များအရ တရုတ်နိုင်ငံတွင် စိုက်ပျိုးရေးထုတ်ကုန်များ၏ အွန်လိုင်းလက်လီရောင်းချမှုသည် ၂၀၂၂ ခုနှစ်တွင် ယွမ်(၅၃၁.၃၈)ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၄ ဘီလီယံ) အထိရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် (၉.၂) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ပြည်နယ်စာတိုက်ဗျူရိုမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Bian Zuodong က မြို့နယ်အဆင့်ထောက်ပံ့ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးစင်တာများ၊ မြို့ပြနှင့်ကျေးရွာများတွင် အမြန်ချောပို့ လုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးနေရာများ တည်ဆောက်ခြင်း သို့မဟုတ် ပြုပြင်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများထံ အိမ်အရောက်ပို့ဆောင်ပေးမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် အဆိုပါ လုပ်ငန်းစီမံချက်သည် မြို့နေလူထုအား ဆွဲဆောင်ရန် အပန်းဖြေခရီး သွားလာရေးအစီအစဉ်များ ဖော်ထုတ်၍ ယဉ်ကျေးမှုနှင့် ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝသော ကျေးလက်ဒေသများတွင် ခရီးသွားလုပ်ငန်းကို အားပေးကူညီသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိတွင် တရုတ်နိုင်ငံတွင် ခရီးသွားလုပ်ငန်းကို အဓိကထားဆောင်ရွက်သည့် ရွာနှင့် မြို့ပေါင်း ပြည်နယ်အဆင့်တွင် (၆၀၀၀) ကျော်၊ နိုင်ငံအဆင့်တွင် (၁၅၉၇) ခုနှင့် ကမ္ဘာ့အဆင့်မီ ခရီးသွားရွာ (၄)ခု ရှိသည်ဟု ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ Wu Kefeng မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနသည် မြို့နယ်များ၏ ခရီးသွားထုတ်ကုန်များ တိုးတက်လာစေရန်၊ ဆန်းသစ်သော စီးပွားရေးပုံစံများကို ရှာဖွေရန်နှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားစေရန် လမ်းညွှန်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ပြည်ပမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသကဲ့သို့ ပြည်တွင်းကူးသန်းရောင်းဝယ်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို တွန်းအားဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း စိုက်ပျိုးရေးထွက်ကုန်များ၏ ပြည်တွင်း ကူးသန်းရောင်းဝယ်မှုကို အားပေးမြှင့်တင်နိုင်ရေးနှင့် ကျေးလက်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုး တိုးတက်လာစေရေး သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည် ဆိုပါက ကျေး

လက်နေပြည်သူများ၏ ဝင်ငွေတိုးတက်လာစေရုံသာမက ပြည်တွင်းစီးပွားရေး တိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

Source: www.chinadaily.com.cn/a/202308/16/WS64dc2899a31035260b81c6e6.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

..............................................................................................

## တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းနှေးကွေးလာ

တောင်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သော နှစ် ၇၀ ကျော်က ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် တစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့ရာမှ လက်ရှိတွင် ကမ္ဘာ့နိုင်ငံများအလယ်တွင် ဝင်ငွေမြင့်မားသောနိုင်ငံ အဖြစ်ရပ်တည်လာနိုင်ပြီဖြစ်ပါသည်။ ယင်းသို့ ပြောင်းလဲအောင်စွမ်းဆောင်ရာတွင် အလျှင်မြန်ဆုံး ဆောင်ရွက်နိုင်သည့် နိုင်ငံတစ်နိုင်ငံပင်ဖြစ်နိုင်သည်ဟု ဆိုရပါမည်။

၂၀၂၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ၏ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံတွင် တောင်ကိုရီးယားနိုင်ငံအား အလယ်အလတ်အဆင့်ဝင်ငွေထောင်ချောက် (Middle-income Trap) တွင် ပိတ်မိမနေပဲ ခိုင်မာသောစီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းထားနိုင်သည့်နိုင်ငံ အဖြစ် ဥပမာပြု၍ ပထမဆုံးအကြိမ် ထုတ်ဖော်ကြေညာခြင်းပင်ခံခဲ့ရပါသည်။ လက်ရှိတွင် အာရှ၏ စတုတ္ထမြောက်စီးပွားရေး အင်အားအကြီးမားဆုံးနိုင်ငံဖြစ်နေသည့်အပြင် ကမ္ဘာ့စီးပွားရေးအင်အား အကောင်းဆုံးနိုင်ငံများအကြား နံပါတ် ၁၃ နေရာကို ရယူထားနိုင်ပြီးဖြစ်ပါသည်။

သို့သော် ၂၀၂၃ ခုနှစ်တွင် ကြုံတွေ့လာရသည့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များက နိုင်ငံ၏စီးပွားရေးတိုးတက်မှုသည် ရေရှည်တုံ့ဆိုင်းမှုအခြေအ နေသို့ ရောက်ရှိသွားနိုင်ကြောင်း သတိပေးလာပြီဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် တောင်ကိုရီးယား နိုင်ငံ၏ လူတစ်ဦးချင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP per Capita) တိုးတက်နှုန်း သည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၈.၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး GDP per Capita တန်ဖိုးမှာ အမေ ရိကန်ဒေါ်လာ ၃၂,၁၄၂ သာ ရှိခဲ့ပါသည်။ ယင်းသို့ကျဆင်းမှုနှုန်းသည် ကမ္ဘာ့စီးပွားရေးအင်အားအ ကောင်းဆုံးနိုင်ငံများအကြား ဂျပန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံပြီးလျှင် တတိယမြောက် GDP per Capita ကျဆင်းမှုနှုန်း အများဆုံးနိုင်ငံဖြစ်လာပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ GDP per Capita တိုးတက်နှုန်းကျဆင်းသည့်အတွက် ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်နှုန်း (သို့မဟုတ်) စီးပွားရေးတိုးတက်နှုန်းကိုလည်း ယခင်နှစ်ကထက် လျှော့ချခန့်မှန်းလာကြပါသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (The

International Monetary Fund- IMF) က တောင်ကိုရီးယား၏နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ၁.၄ ရာခိုင်နှုန်းတိုးတက်လိမ့်မည်ဟု ခန့်မှန်းထုတ်ပြန်ခဲ့ပါသည်။ ယင်းပမာဏသည် ၂၀၂၁ ခုနှစ်က GDP တိုးတက်နှုန်းဖြစ်သည့် ၂.၆ ရာခိုင်နှုန်းထက် လျော့ကျနေသည့်အပြင် ၂၀၂၃ ခုနှစ်အတွင်း အာရှဒေသတစ်ခုလုံးအတွက် GDP တိုးတက်နှုန်း ခန့်မှန်းချက်ဖြစ်သည့် ၄.၆ ရာခိုင်နှုန်းထက်လည်း များစွာလျော့နည်းနေပါသည်။ တိုင်းပြည်၏ စီးပွားရေးသည် ပို့ကုန်တင်ပို့မှုအပေါ် များစွာမှီခိုနေသည့်အတွက် ၂၀၂၃ ခုနှစ်၊ မေလအထိ ၁၅ လဆက်တိုက် ကုန်သွယ်မှုလိုငွေပြနေခဲ့ခြင်းကလည်း တိုင်းပြည်၏ စီးပွားရေးအပေါ် ဖိအားဖြစ်စေပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း ကုန်သွယ်မှုပိုငွေပြခဲ့သော်လည်း ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ပို့ကုန်တင်ပို့မှုပမာဏသည် ယခင်နှစ်အလားတူကာလက တင်ပို့မှုဝင်ငွေထက် ၁၆.၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၀.၃၃ ဘီလီယံသာရရှိခဲ့ပါသည်။ အခြားသော ပြင်ပအကြောင်းအရာများဖြစ်သည့် ကိုဗစ်–၁၉ ကပ် ရောဂါ၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ငွေကြေးဖောင်းပွမှုများဆက်တိုက်ကြုံတွေ့နေရခြင်း စသည်တို့ကလည်း တိုင်းပြည်စီးပွားရေးတိုးတက်မှုနှုန်းကို အားလျော့စေသည့် အကြောင်းတရားများ ဖြစ်ပါသည်။

နောက်ဆုံးရရှိလာသော စီးပွားရေးဆိုင်ရာအချက်အလက်များအရ တိုင်းပြည်၏ စီးပွားရေးသည် အကန့်အသတ်ဖြင့်တိုးတက်နေသည့်အခြေအနေသို့ ရောက်ရှိနေသည့်အတွက် ကဏ္ဍပေါင်းစုံပြုပြင်ပြောင်းလဲရေးဆောင်ရွက်သင့်ပြီး လုပ်ငန်းသစ်များရှာဖွေဖော်ထုတ်သင့်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြပါသည်။ နိုင်ငံ၏ စီးပွားရေးတိုးတက်မှု နှေးကွေးနေခြင်းကို ကျော်လွှန်နိုင်ရေးအတွက် ကလေးမွေးဖွားမှုနှုန်းကျဆင်းခြင်းနှင့် သက်ကြီးလူဦးရေများလာခြင်းစသည့် ကိစ္စရပ်များမှအစပြု၍ ဖြေရှင်းသင့်ကြောင်းအကြံပြုထားသည့်အပြင် အနာဂတ်တွင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းသစ်များနှင့် လုပ်ငန်းသစ်များရှာဖွေဖော်ထုတ်သင့်ကြောင်း၊ တိုးတက်နေသည့်နိုင်ငံများအနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်းကို ဂဏန်းနှစ်လုံးတိုးတက်မှုနှုန်း (Double-digit Growth) ရရှိရေးထက် တိုးတက်မှုနှုန်းကို ပုံမှန်ဖြစ်အောင် ထိန်းထားနိုင်ရေးသည်သာ အဓိကကျပါကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ကြပါသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုသည် တိုင်းပြည်၏စီးပွားရေးအား နည်းပညာသစ်များဖြင့် ဦးဆောင်စေသည့်အပြင် နိုင်ငံ၏ လူဝင်မှုရေးရာမူဝါဒများကိုလည်း ကြိုတင်တင်ပြင်ဆင်မှုများပြုလုပ်ပေးခြင်းအားဖြင့် စီးပွားရေးတိုးတက်နှုန်းကို ၂ ရာခိုင်နှုန်းတွင်သာ တည်ငြိမ်နေစေရန်ထိန်းထားလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံသည်လည်း စက်မှုလုပ်ငန်းပိုင်းဆိုင်ရာအင်အားသစ်တစ်ခုကို ရှာဖွေသင့်သည့်အပြင် ကလေးမွေးဖွားမှုနှုန်းကျဆင်းခြင်းနှင့် သက်ကြီးရွယ်အိုလူဦးရေများလာခြင်းတို့ကိုလည်း ဖြေရှင်း

Agribusiness & Trade

သင့်ပါကြောင်း Hyundai Research Institute (ဟွန်ဒိုင်းသုတေသနသိပ္ပံ) မှဒုတိယညွှန်ကြားရေးမှူး Mr. Ju Won ကပြောကြားခဲ့ပါသည်။

Sogan University ရှိ Graduate School of Business (ဘွဲ့လွန်စီးပွားရေးကျောင်း)မှ စီးပွားရေးရာပါမောက္ခ Mr. Kim Young-ik ကလည်း တောင်ကိုရီးယားနိုင်ငံသည် ပို့ကုန်တင်ပို့မှုကို နိုင်ငံတစ်ခုတည်းအပေါ် မီခိုအားထားနေမှု (ဥပမာ တရုတ်နိုင်ငံတစ်ခုတည်းကို အဓိကကုန်သွယ်ဖက်နိုင်ငံအဖြစ်အားထားနေမှု) ကို လျှော့ချ၍ အခြားသောနိုင်ငံများသို့ ပို့ကုန်တင်ပို့မှုလမ်းကြောင်းသစ်များရှာဖွေဖော်ထုတ်သင့်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအပြီးတွင် တရုတ်နိုင်ငံ၏ စီးပွားရေးနလန်ထူလာမှုအားနည်းခြင်းနှင့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ပ်ပြားများနှင့် စပ်လျဉ်း၍တင်းမာမှုများရှိလာခြင်းတို့သည် ချစ်ပ်ပြားများနှင့် ကားတင်ပို့မှုကို အားထားနေသော တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် ထပ်မံတွန်းအားပေးနိုင်မည့် လုပ်ငန်းကဏ္ဍသစ်များ ရှာဖွေဖော်ထုတ်ရန် အချက်ပေးနေပါကြောင်း ပြောကြားခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံရှိ ဦးဆောင်စီးပွားရေးလုပ်ငန်းအုပ်စုကြီးများကမူ လက်ရှိတွင် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍသစ်များဖြစ်သည့် ဘက်ထရီများ၊ လျှပ်စစ်ကားများ၊ ဇီဝဆေးဝါးများနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်တို့ကို မျက်စိကျနေလျက်ရှိပါသည်။

Source: The Korea Herald (14-8-2023 Newspaper)
ပပ၊ စီးပွားရေးသံမှူး
ဆိုးလ်မြို့

..................................................................

## တောင်ကိုရီးယားနိုင်ငံတွင်း စက်သုံးဆီအပေါ် ကောက်ခံသည့်အခွန် (Fuel Taxes) လျှော့ချခြင်းကို အောက်တိုဘာလအထိ သက်တမ်းတိုးသွားမည်

တောင်ကိုရီးယားနိုင်ငံတွင်း ငွေကြေးဖောင်းပွမှုကို ဖြေရှင်းရန်နှင့် ပြည်သူလူထု၏ဘဏ္ဍာရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးများ လျော့ကျစေရန်ရည်ရွယ်၍ စက်သုံးဆီသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန် (Fuel Tax) လျှော့ချပေးခြင်းကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအထိ ဆက်လက်လျှော့ချပေးသွားမည်ဟု စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး Mr. Choo Kyung-ho က ၁၆-၈-၂၀၂၃ ရက်နေ့တွင် သတင်းထောက်များနှင့် တွေ့ဆုံပွဲ၌ ပြောကြားခဲ့ပါသည်။

လက်ရှိတွင် ဓါတ်ဆီတစ်လီတာသုံးစွဲမှုအပေါ် ကောက်ခံသည့် Fuel Taxes ကို ၂၅ ရာခိုင်နှုန်း လျှော့ချပေးလျက်ရှိပြီး ဒီဇယ်နှင့် ဓါတ်ငွေ့ရည် (LPG) တစ်လီတာအပေါ် ကောက်ခံသည့် Fuel Taxes ကို ၃၇ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံလျက်ရှိပါသည်။ ယင်းသို့ လျှော့ချကောက်ခံမှု

အစီအစဉ်သည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် သက်တမ်းကုန်တော့မည်ဖြစ်သော်လည်း ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်မားလာခြင်းကြောင့် ပြည်သူများအပေါ်ကျရောက်လာမည့် ဝန်ထုပ်ဝန်ပိုးများ လျှော့ချပေးရန်ရည်ရွယ်၍ Fuel Taxes လျှော့ချပေးမှုအစီအစဉ်ကို ဆက်လက်သက်တမ်းတိုးရခြင်းဖြစ်ပါကြောင်းနှင့် အောက်တိုဘာလအလွန်တွင် ဖြစ်ပေါ်လာမည့် အခြေအနေကို ဆက်လက်လေ့လာသုံးသပ်၍ လိုအပ်ပါက စီမံဆောင်ရွက်မှုများ ထပ်မံစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ကြီး Mr. Choo Kyung-ho က ပြောကြားခဲ့ပါသည်။

Source: https://www.koreatimes.co.kr/www/biz/2023/08/488_357141.html

ပပ၊ စီးပွားရေးသံမှူး

ဆိုးလ်မြို့

……………………………………………………………………………………………………

Agribusiness & Trade